**အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့များဖိုရမ်အဖွဲ့ဝင်အဖြစ်လျှောက်ထားသည့်**
**ကိစ္စနှင့်ပတ်သက်၍မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထုတ်ပြန်ချက်**

**အမှတ်(၆/၂၀၁၂)**

အင်ဒိုနီးနီးရှား အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (KOMNSHAM)၊ မလေးရှား လူ့အခွင့်အရေး ကော်မရှင် (SUHAKAM)၊ ဖိလစ်ပိုင် လူ့အခွင့်အရေး ကော်မရှင် (CHRP) နှင့် ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (NHRCT) တို့သည် (၂၀၀၄) ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ အားလုံးက စိုးရိမ်ပူပန်သည့် လူ့အခွင့်အရေးနယ်ပယ်များတွင် အစီအစဉ်များလုပ်ရှားမှုများကို အားလုံးပူးတွဲ၍ဖြစ်စေ၊ နှစ်နိုင်ငံချင်းဖြစ်စေ ဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြပြီး ၂၀၀၄ ခုနှစ်၊ဇူလိုင် ၂၈ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီ၌ အာဆီယံအမျိုးသားလူ့အခွင့်အရေးအဖွဲ့များဖိုရမ် ပူးပေါင်းဆောင်ရွက်ရေး ကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ဤဒေသဆိုင်ရာအဖွဲ့ကို အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့များဖိုရမ် (SEANF) ဟူ၍၂၀၀၉ခုနှစ်၊ နိုဝင်ဘာလ ၁၁ မှ ၁၃ရက်နေ့ အထိကျင်းပခဲ့သော ဆဋ္ဌမအကြိမ်နှစ်ပတ်လည် အစည်းအဝေးက ပြန်လည်အမည်ပေးခဲ့ပါသည်။ ၂၀၁၀ခုနှစ်တွင်ကျင်းပခဲ့သည့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့များဖိုရမ် သတ္တမအကြိမ်နှစ်ပတ်လည်အစည်းအဝေးက တီမော လက်စ်တေနိုင်ငံအား အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့များဖိုရမ်၏ ပဥ္စမမြောက် အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ပါသည်။

ဖိုရမ်၏ အဓိကရည်မှန်းချက်မှာ အရှေ့တောင်အာရှဒေသတွင်းရှိ လူတို့၏ လူ့အခွင့်အရေးကို မြှင့်တင် ကာကွယ်ဖြည့်ဆည်းရေးကို ဒေသဆိုင်ရာ ယန္တရားအနေဖြင့် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ ဤရည်မှန်း ချက်အောင်မြင်ရေးအတွက် ဆောင်ရွက်ရမည့် ဖိုရမ်၏ တာဝန်များတွင် အရှေ့တောင်အာရှနိုင်ငံများတွင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းရေးနှင့် ဖွံ့ဖြိုးလာရေးကို ထောက်ခံအားပေးရန်၊ ဒေသတွင်း နှင့် ဒေသပြင်ပတွင် ဖြစ်ပေါ်သည့် ဆိုးဝါးသော လူ့အခွင့်အရေး ဖောက်ဖျက်မှု ပြဿနာများ နှင့်စပ်လျဉ်း၍ စုပေါင်းရပ်တည်ချက်ယူရေးအပါအဝင် ဖိုရမ်၏ ရည်မှန်းချက်များ အောင်မြင်ရေးကို အထောက်အကူပြုမည့် လှုပ်ရှားမှုများ ဆောင်ရွက်ရေးတို့ ပါဝင်ပါသည်။

အဆိုပါ ဖိုရမ်သည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းကို များစွာစိတ်ဝင်စားမှုပြသခဲ့ပြီး ထို့အတွက် ကော်မရှင်၏ လှုပ်ရှားဆောင်ရွက်မှုများကိုလည်း စောင့်ကြည့်

လေ့လာခဲ့ပါသည်။ ဖိုရမ်သည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းမှုကို စိတ်အားထက်သန်စွာ ကြိုဆိုခဲ့ကြသည့် ပြည်ပအဖွဲ့အစည်းများတွင် တစ်ခုအပါအဝင် ဖြစ်ခဲ့ပါသည်။

ဖိုရမ်သည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် လုပ်ငန်းများကို စိတ်ဝင်စားမှုကို ပြသသည့်အနေဖြင့် အဖွဲ့ဝင်ငါးနိုင်ငံစလုံးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့ နှင့် ၁၅ ရက် တို့တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ လာရောက်ကာ ပါရီမူများနှင့်အညီ ကော်မရှင်၏ လုပ်ပိုင်ခွင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းနှင့် စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ၁၅ ဦးနှင့် နှစ်ရက်ကြာဆွေးနွေးမှု ပြုခဲ့ပါသည်။

ကော်မရှင်၏လုပ်ပိုင်ခွင့်တွင် "ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးကိုဆောင်ရွက်နေကြသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန် တာဝန်တစ်ရပ် ပါဝင်ပါသည်။ အဆိုပါတာဝန်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ကော်မရှင်သည် ဖွဲ့စည်းသည့်အချိန်မှ အစပြု၍ အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်(SEANF)နှင့် တက်ကြွစွာ ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး ဖိုရမ်၏ အဖွဲ့ဝင်အဖြစ် လျှောက်ထားခြင်း ပြုခဲ့ပါသည်။

ကော်မရှင်၏ အဖွဲ့ဝင်လျှောက်ထားခြင်းကို စဉ်းစားသည့်ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၂-၁၄ ရက်နေ့များတွင် ကျင်းပခဲ့သော ဖိုရမ်၏ နဝမအကြိမ်နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အား ဖိုရမ်က ဖိတ်ကြားခဲ့ပါသည်။ ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးပထမနေ့တွင် ဖိုရမ်အဖွဲ့ဝင် ၅ နိုင်ငံတို့က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ ဖိုရမ်အဖွဲ့ဝင်အဖြစ် လျှောက်ထားမှုကို ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားခဲ့ကြပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပါရီမူများ လိုက်နာမှုရှိရေးတွင် တိုးတက်မှုများရရှိပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်နေသည့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့တစ်ရပ်အဖြစ် အသိအမှတ်ပြုပြီးနောက် ဖိုရမ်အဖွဲ့ဝင် ၅ နိုင်ငံတို့က မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကို အဖွဲ့ဝင်သစ်အဖြစ် လက်ခံရန် ဆုံးဖြတ်ခဲ့ကြပါသည်။

အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့များဖိုရမ်၏ အဖွဲ့ဝင်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှဒေသရှိ

လူတို့၏ လူ့အခွင့်အရေးကို ပါရီမူများနှင့်အညီ ပူးတွဲ၍ဖြစ်စေ၊ နှစ်နိုင်ငံချင်းဖြစ်စေ ထိရောက်စွာ မြှင့်တင် ကာကွယ်သွားရန် ပိုင်းဖြတ်ထားပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်